အားလုံးပဲ မင်္ဂလာပါခင်ဗျာ၊

ကမ္ဘာ့စာပို့တိုက်နေ့သည် စာပို့ကွန်ရက်ဆိုတာဟာ စာလွှာများနှင့် ပါဆယ်များ ပေးပို့ခြင်းဟူသော လုပ်ငန်းစဉ်များထက်ပိုမိုကြောင်းကို ကျွန်ုပ်တို့ကို နှစ်စဉ်နှစ်တိုင်း သတိပေးလျက်ရှိပါတယ်။ ဒါဟာ ကမ္ဘာတစ်ဝန်းမှာ ရေရှည်တည်တံ့ခိုင်မြဲစွာရှိနေတဲ့ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသော နမူနာများအနက် တစ်ခုဖြစ်ပြီး၊ လူတစ်ဦးချင်း၊ လူမှုအသိုက်အဝန်းများနှင့် နိုင်ငံများကိုလူတိုင်း လက်လှမ်းမီနိုင်သော ဝန်ဆောင်မှုပေးရေး၊ ယုံကြည်စိတ်ချရမှုနှင့် အားထားရမှုတို့အပေါ် တူညီသော ကတိကဝတ်ဖြင့် ဆက်သွယ်ပေးထားသည့် ယုံကြည်စိတ်ချရသော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ခုပဲ ဖြစ်ပါတယ်။

ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော “တစ်ခုတည်းသော စာပို့ကွန်ရက်၊ အကန့်အသတ်မဲ့ အခွင့်အလမ်းများ” သည် မျိုးဆက်များစွာအဆက်ဆက် တည်ဆောက်လာခဲ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ပြောင်းလဲလျက်ရှိသော စာပို့ကွန်ရက်၏ ထူးခြားပြောင်မြောက်သည့် အားသာချက်များကို ထင်ဟပ်ဖော်ပြလျက်ရှိပါတယ်။ ယနေ့တွင် စာတိုက်ရုံးပေါင်း ၆၆၀,၀၀၀ ကျော် နှင့် စာတိုက်ဝန်ထမ်း ပေါင်း ၄.၆ သန်းကျော်တို့သည် ဒီဂျစ်တယ်နည်းပညာနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ၏ ပံ့ပိုးမှုဖြင့် ကမ္ဘာပေါ်မှာ အကြီးမားဆုံးသော ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုစနစ်တစ်ခုကို ဖန်တီးပုံဖော်ထားကြပါတယ်။ စာတိုက်လုပ်ငန်းများအားလုံးပူးပေါင်း၍ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုမျိုးစုံရရှိနိုင်သည့် စာတိုက်ဝန်ဆောင်မှုစနစ် (one-stop shop) အဖြစ် ဖော်ဆောင်ပေးလျက်ရှိပါတယ်။

ဤအကန့်အသတ်မဲ့ အခွင့်အလမ်းများ၏ အဓိကအချက်မှာ စာတိုက်ဝန်ဆောင်မှု တစ်ခုတည်းကသာ လျှင် ပေးစွမ်းနိုင်တဲ့ လူသားအချင်းချင်း ချိတ်ဆက်မှုပင်ဖြစ်ပါတယ်။ စာတိုက်ဝန်ထမ်းများသည် နေ့စဉ်နှင့်အမျှ အဆိုပါချိတ်ဆက်မှုကို လက်တွေ့အသက်ဝင်လာအောင် ဆောင်ရွက်ပေးလျက်ရှိပြီး၊ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအကြား ယုံကြည်အားထားရသော ပေါင်းကူးတံတားများသဖွယ် ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းတို့သည် စီးပွားရေးလုပ်ငန်းများအား ဈေးကွက်အသစ်များသို့ ဝင်ရောက်နိုင်ရန် ကူညီပေးခြင်း၊ အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်များအား ပံ့ပိုးကူညီပေးခြင်းနှင့် ကျေးလက်ဒေသများနှင့် ဝန်ဆောင်မှုလက်လှမ်းမီမှု အားနည်းသည့် ဒေသများသို့ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အခွင့်အလမ်းအသစ်များကို လက်လှမ်းမီရရှိနိုင်စေရန် ချိတ်ဆက်ပေးလျက်ရှိပါ တယ်။

လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ စာတိုက်ဝန်ဆောင်မှုကဏ္ဍသည်လည်း အတူတကွ လိုက်လျောညီထွေ ပြောင်းလဲတိုးတက်လာလျက်ရှိပါတယ်။

ပြည်သူ့ဝန်ဆောင်မှုများ ကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမှသည် e-commerce မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးပေးခြင်းအထိ စာတိုက်ဝန်ဆောင်မှုကဏ္ဍသည် လူ့အဖွဲ့အစည်းအတွက် တန်ဖိုးရှိစေမည့် ဖန်တီးမှုများကို ဆက်လက်ဖန်တီးပေးလျက်ရှိပါတယ်။ စာတိုက်ကဏ္ဍသည် ငွေကြေးဝန်ဆောင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုလွယ်ကူစွာရရှိအသုံးပြုနိုင်ရန် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး၊ လုံခြုံစိတ်ချရသော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ဆောင်ရွက်ပေးကာ စာတိုက်ကဏ္ဍအား အနာဂတ်မျိုးဆက်သစ်များနှင့် လိုက်လျောညီထွေကိုက်ညီမှုရှိသည့် ပုံစံဖြစ်စေရေးအတွက် ဖန်တီးပုံဖော်လျက်ရှိပါတယ်။ ဆန်းသစ်တီထွင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းအားဖြင့် စာပို့ကွန်ရက်သည် နေရာဒေသမရွေး အခြေခံလိုအပ်ချက်ဖြည့်ဆည်းရေး စာပို့ဝန်ဆောင်မှု (Universal Service)ကို ပေးအပ်ရမည့် ၎င်း၏အခြေခံတာဝန်ကို ကျေပွန်စွာဆက်လက်ထမ်းဆောင် နေစဉ်မှာပင် အခွင့်အလမ်းအသစ်များကိုလည်း ဖော်ဆောင်ပေးလျက်ရှိပါတယ်။

ယနေ့ကျရောက်သော ကမ္ဘာ့စာတိုက်နေ့မှာ စာပို့ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ပေးနေကြသော ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော စာတိုက်ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် အထူးသဖြင့် ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးလျက်ရှိသော ပြည်သူများနှင့် လူမှုအဖွဲ့အစည်းများအတွက် အကန့်အသတ်မဲ့ အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည့် စာပို့ကွန်ရက်တစ်ခုကို အတူတကွ ပူးပေါင်းတည်ဆောက်ကြပါစို့ဟု ဆန္ဒပြုအပ်ပါတယ်။

ပျော်ရွှင်ဖွယ်ရာ ကမ္ဘာ့စာပို့တိုက်နေ့ ဖြစ်ပါစေခင်ဗျာ။